ကြည်စွန်း၏ ထာဝရ ရှင်သန်နေမည့် ကြည်ပြာ ပေးသော ခွန်အား

ရွှေသဇာ ၏ ကြည်ပြာနှင့် ပတ်သက်၍ အမှာစကား

မလိခ၏ မြန်မာဝတ္ထုအညွှန်းပေါင်းချုပ် (၂၀၀၇ ခုနှစ်) မှ ကောက်နုတ်ချက်၊

စီစဉ်သူနှင့် မူရင်းစာရေးဆရာတို့၏ ဝတ္ထုနှင့် ရုပ်ရှင်အကြောင်း ပြန်ပြောင်းဆွေးနွေးချက်များကို

ဖြည့်စွက်ထည့်သွင်းထားပါသည်။

ဤဝတ္ထုသည် ကြည်ပြာ၏ဘဝကို ဖတ်ရရာတွင် ရင်နင့်ဖွယ်ရာ ကောင်းလှပြီး မျက်ရည်ကျဖွယ်ရာ ဖြစ်သော်လည်း သူ၏ ရင့်ကျက်ပြတ်သားသော ဒဿနကို ဖော်ပြထားသဖြင့် အားတက်ဖွယ်ရာလည်း ဖြစ်ပါသည်။ ဤဝတ္ထုကို မြန်မာစာပေလောက၏ ရှားပါးထူးခြားသော ဝတ္ထုတစ်ပုဒ်အဖြစ် အသိအမှတ် ပြုကြရမည် ဖြစ်ပါသည်။

မလိခ၏ မြန်မာဝတ္ထုအညွှန်းပေါင်းချုပ် (၂၀၀၇) မှ

ဘဝအစ မှန်တိုင်းနှင့် ကြုံကာ ဖူးခွင့်ပွင့်ခွင့် မရနိုင်ကြတော့မည့် ကလေးငယ်များကို လူသားတစ်ရပ်လုံးက စာနာစိတ်ဖြင့် ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်ပြီး သာယာသော လူ့ဘောင်ကို တည်ဆောက်လိုကြသည့်စိတ်ကား ကမ္ဘာဦးမှ စ၍ ရှိခဲ့ပြီး ခေတ်တိုင်း ခေတ်တိုင်း တည်မြဲရှင်သန်နေမည်ဖြစ်၍ လောင်းရိပ်အောက်မှပင် ဂုဏ်ဝင့်အောင် ကြိုးစားခဲ့သည့် "ကြည်ပြာ" သည် ဝတ္ထုစာအုပ်ထဲမှ ဆယ်ကျော်သက် အရွယ်ထက် ကြီးရင့်လာမည် မဟုတ်ပါ။

ရွှေသဇာ၏ ကြည်ပြာနှင့် ပတ်သက်၍ အမှာစကားမှ

ကိုယ်တွေ့နှင့် ယှဉ်၍ ဖြောင့်မှန်သော ဆုံးဖြတ်ချက်ကို ချနိုင်ရန် သတ္တိ လိုသည်၊ ထိုသတ္တိသည် ဖြူစင် ဖြောင့်မတ် ရှင်းသန့်သော စိတ်က လာသည်၊ စိတ်က သန့်ရှင်း ဖြူစင်လေ ဆုံးဖြတ်ချက် မှန်ကန် အားကောင်းလေ၊ နောက်သို့ ပြန်ကြည့်၍ နောင်တ မရလေဟုသာ ကျွန်တော် မျှဝေလိုပါသည်။ ကျွန်တော့် အတွက်တော့ ကြည်ပြာ၏ ဆုံးဖြတ်ချက် တွေးဆချမှတ်ပုံသည် ခွန်အားဟုပင် ဆိုချင်ပါသည်။

ကြည်စွန်း၏ ထာဝရ ရှင်သန်နေမည့် ကြည်ပြာ ပေးသော ခွန်အား မှ